BURMA NEWS INTERNATIONAL

Myanmar Peace Monitor

# Weekly News Review

Issue 95, March 1 - 7, 2023



# နိုင်ငံတကာ အကူအညီများ၏ လားရာ

# နိုင်ငံတကာအကူအညီများ၏ လားရာ

## နိဒါန်း

အရှိန်အဟုန်ဖြင့် အပြန့်ကျယ်စွာ တောက်လောင်လာနေသည့် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းစစ်မီးနှင့်အတူ စားနပ်ရိက္ခာရှားပါးမှုများနှင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးသင့်ပြည်သူလူထုအတွက် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အကူအညီအဖြစ် အမေရိကန် ကန်ဒေါ်လာ သန်း ၅၀ ထောက်ပံ့မည့်အကြောင်း ၂၀၂၃ ဖေဖော်ဝါရီ တတိယအပတ်တွင် ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးက ထုတ်ပြန်သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၃ သန်းထောက်ပံ့မည်ဟု ဖေဖော်ဝါရီ ၂၈ ရက်တွင် ကြေညာခဲ့သည်။

စစ်အာဏာသိမ်းကာလအတွင်း မြန်မာပြည်သူလူထု၏ အတိဒုက္ခရောက်ရှိမှု အခြေအနေများကို မျက်ဝါးထင်ထင် မြင်တွေ့ကြားသိနေကြသော နိုင်ငံတကာအစိုးရများအနေဖြင့် အားပေးနှစ်သိမ့်မှု၊ ထောက်ခံရပ်တည်မှုနှင့် စာနာထောက်ထားမှုတို့ကို ပုံသဏ္ဍာန်မျိုး

စုံအသုံးပြုကာ ချဉ်းကပ်လုပ်ရှားလျက်ရှိပါသည်။ သို့နှင့်တိုင် ဆိုခဲ့ပါလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား မြန်မာနိုင်ငံအတွင်းရှိ အမှန်တကယ်လိုအပ်နေသူများထံ ရောက်ရှိနေသလားဆိုသည်ကိုမူ အကဲဖြတ်တွက်ချက်နိုင်စွမ်းမရှိကြသေးဟု ဆိုရပါမည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ၏ ဦးတည်ရာကို လေ့လာသုံးသပ်သွားပါမည်။

# အချိုးမညီသည့် အကူအညီ

ယခုနှစ် မတ်လ ၆ ရက်၊ ကုလသမဂ္ဂ ဒုက္ခသည်ဆိုင်ရာအေဂျင်စီ၏ ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းကာလအတွင်း စစ်ကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသော စစ်ဘေးသင့်ပြည်သူပေါင်း ၁၄ သိန်းကျော် (၁၄၂၈၁၀၀) ရှိပြီး ထိုအနက် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေရသူပေါင်း ၅ သောင်းကျော် ရှိနေသည်ဟု ဆိုပါသည်။

ပြည်တွင်းရှိ စစ်ဘေးသင့်ပြည်သူပေါင်း ၁ ဒသမ ၃သန်းခွဲကျော်(၁၃၇၅၉၀၀)အနက် စစ်ကိုင်းတိုင်းသည် စစ်ဘေးရှောင်အရေအတွက် ၇ သိန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး မကွေးတိုင်းသည် တစ်သိန်းခုနစ်သောင်းကျော် (၁၇၂၃၀၀) ဖြင့် ဒုတိယမြောက် စစ်ဘေးရှောင် ပြည်သူအများဆုံးဒေသဖြစ်နေသည်ကို တွေ့ရသည်။ ကရင်ပြည်နယ်၊ ကရင်နီ(ကယား)ပြည်နှင့် ပဲခူးအရှေ့ပိုင်းဒေသများတွင်လည်း သိန်းနှင့်၊ သောင်းနှင့်ချီပြီး စစ်ဘေးသင့်ပြည်သူများ တိုးများလာသည်ကို တွေ့ရပါသည်။

ကုလသမဂ္ဂ၏ အဆိုအရ ယခုနှစ်၊ မြန်မာနိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်နေသည့် လူဦးရေသည် ၁၇ ဒသမ ၆ သန်းအထိ ရှိသော်လည်း လူဦးရေ ၄ ဒသမ ၅သန်းကိုသာ အကူအညီပေးနိုင်ရေးအတွက် လျာထားသည်ကို တွေ့ရသည်။ ထိုလူဦးရေသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်း လျာထားချက်ထက်ပင် လူဦးရေ နှစ်သန်းခန့် လျော့နည်းသွားသည်ဟု ဆိုနိုင်ပါသည်။ ရန်ပုံငွေအခြေအနေနှင့် အကူအညီရောက်ရှိနိုင်ရေး စိန်ခေါ်မှုများအပေါ် အခြေခံတွက်ဆကာ လက်တွေ့ကျသည့် လျာထားချက်ဖြစ်သည်ဟုလည်း ကုလသမဂ္ဂက ဆိုထားသည်။

ထို့ကြောင့် နိုင်ငံတကာအစိုးရများမှ နိုင်ငံအလိုက် ထည့်ဝင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို စီမံခန့်ခွဲလျက်ရှိသည့် ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် မြန်မာ့အရေး၊ မြန်မာပြည်လူထု၏ အရေးကိစ္စများနှင့် အရေးပေါ်အကူအညီလိုအပ်နေသော မြန်မာပြည်သူလူထုအတွက် ထောက်ကူပံ့ပိုးရန် ကြိုးပမ်းဆောင်ရွက်ချက်များသည် မေးခွန်းထုတ်စရာ ဖြစ်နေသည်ကို တွေ့ရသည်။

# နိုင်ငံတကာ အကူအညီများ၏ လားရာ

အထက်တွင် ဆိုခဲ့သည့် အမေရိကန်ပြည်ထောင်စုမှ ထပ်တိုးထောက်ပံ့သော အမေရိကန်ဒေါ်လာ သန်း ၅၀ သည့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ(USAID)မှတဆင့် အရေးပေါ်စားနပ်ရိက္ခာနှင့် အဟာရ အထောက်အပံ့အဖြစ် ပေးအပ်သွားမည်ဟု ဆိုထားသည်။ ပဋိပက္ခဖြစ်ပွားနေသည့် တိုင်းနှင့် ပြည်နယ်များအတွင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)နှင့်အတူ အသက်ငါးနှစ်အောက် ကလေးငယ်၊ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်အပါအဝင် လူပေါင်း ၇၅၀,၀၀၀ ကျော်အား အဟာရဆိုင်ရာပံ့ပိုးကူညီနိုင်မည်ဟု ဆိုထားပါသည်။

ဂျပန်အစိုးရ၏ အထောက်အပံ့ဖြစ်သော အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်သည်လည်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR)၊ WFP နှင့် အာဆီယံ ဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ လူသားချင်းစာနာထောက်ထားရေးအကူအညီဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) တို့မှတစ်ဆင့် ထိခိုက်မှုရှိရာ မြန်မာပြည်သူလူထုထံ ပေးပို့သွားမည်ဟုဆိုထားပါသည်။ စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းနှင့် ခိုလှုံရာအမိုးအကာများအပြင် ရေနှင့် မိလ္လာစနစ် အခြေခံအဆောက်အအုံများ၊ အာဟာရပြည့်ဝရေး၊ ဆေးဝါးဝန်ဆောင်မှု၊ ပညာသင်ကြားခွင့်၊ မှုးယစ်ဆေးဝါးတိုက်ဖျက်ရေးစသည့် ကဏ္ဍများတွင် ပံ့ပိုးပေးသွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဂျာမဏီအစိုးရကလည်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကုန်ပိုင်းက WFP မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် မြန်မာပြည်သူလူထုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးရန်အတွက် ယူရို ၃ ဒသမ ၃သန်း ထောက်ပံ့မည့်အကြောင်း ကတိပြုသတင်းစကားပါးခဲ့သည်ကို တွေ့ရသည်။

Justice For Myanmar ၏ ဇန်နဝါရီလထုတ် အစီရင်ခံစာအရ အာဆီယံအပါအဝင် UNICEF ၊ UNHCR ၊ WFP စသည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၁၄ ဖွဲ့နှင့် USAID တို့သည် အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟု ဆိုပါသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့လက်ထဲရှိ နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှု အကူအညီများကို မြန်မာပြည်သူလူထုထံရောက်ရှိရေးအတွက် အာဏာသိမ်းစစ်ကောင်စီ နှင့် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းကိုသာ ချဉ်းကပ်လျက်ရှိပါသည်။

ထို့ကြောင့် အာဏာသိမ်းစစ်အုပ်စု၏ ကန့်သတ်တားမြစ်ချက်များကို ရှောင်လွှဲနိုင်ခြင်းမရှိသည့်အတွက် အမှန်တကယ် အကူအညီလိုအပ်နေကြသော မြန်မာပြည်သူလူထုထံ နိုင်ငံတကာအကူအညီများ ရောက်ရှိနိုင်ရေးသည် မေးခွန်းထုတ်ဖွယ်ဖြစ်လာပါသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(EROs)နှင့် လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများက ထိုလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား မြန်မာပြည်သူလူထုထံ ရောက်ရှိရေးအတွက် အာဏာသိမ်းစစ်အုပ်စုနှင့် မပူးပေါင်းရန် ဆော်သြတိုက်တွန်းနေကြခြင်းဖြစ်သည်။

# သုံးသပ်တင်ပြချက်

ဆယ်စုနှစ်ပေါင်းများ ရှည်ကြာခဲ့သည့် ပြည်တွင်းစစ်ကြောင့် ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းခင်ကတည်းက မြန်မာနိုင်ငံတွင် စစ်ဘေးရှောင်ပြည်သူ ၃ သိန်းကျော်ရှိနေသည်။ စစ်အာဏာသိမ်းကာလအတွင်း ပြည်တွင်းစစ် ပိုမိုကျယ်ပြန့်လာသည့်အတွက် စစ်ဘေးရှောင်အရေအတွက် ၁ ဒသမ ၄ သန်းကျော်အထိ ရှိလာခဲ့သည်။ သို့ သော် ကုလသမဂ္ဂကမူ ၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး လုပ်ငန်းစဉ်များ၊ နည်းလမ်းများကို ပြောင်းလဲပြင်ဆင်ရန် မကြိုးပမ်းဘဲ မြန်မာပြည်သူလူထုထံ ပေးအပ်မည့် အကူအညီနှင့် လူဦးရေ လျာထားချက်ကို လျှော့ချလိုက်ခြင်းသည် အမှန်တကယ် အတိဒုက္ခရောက်နေကြသည့် မြန်မာပြည်သူလူထုအရေးထက် ၎င်းတို့၏ အကျိုးစီးပွားများကို ပိုမိုဦးစားပေးနေသလားဟု သံသယပွားဖွယ်ဖြစ်နေပါသည်။

မြန်မာပြည်သူလူထုထံ နိုင်ငံတကာအကူအညီများ ရောက်ရှိနိုင်ရေးအတွက် အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းအပြင် အခြားသော နည်းလမ်းများကို ရှာဖွေသင့်သည်။ အမှန်တကယ် လူထုယုံကြည်ကိုးစားမှုရှိသော အစုအဖွဲ့များ၊ အင်အားစုများကို ရှာဖွေချဉ်းကပ်သင့်သည်။ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့လုယူရန်ကြိုးပမ်းနေသော အာဏာသိမ်းမှုတည်မြဲရေးအတွက် နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီများကို အသုံးချလာနိုင်သည်ကို သတိပြုရပါမည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးကာလအတွင်း အာဏာသိမ်းစစ်အုပ်စု၏ မီးရှို့ဖျက်ဆီးမှုများကြောင့် တစ်နိုင်ငံလုံးတွင် စာသင်ကျောင်း၊ ဘုရားကျောင်းအပါအဝင် နေအိမ်ပေါင်း ၅၀၀၀၀ နီးပါး မီးလောင်ပျက်စီးခဲ့ရပြီဖြစ်သည်။ နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်ကြောင့် မြေပြင်အင်အားချိနဲ့လာသည့် အာဏာသိမ်းစစ်အုပ်စုသည် နေရာဒေသမရွေး၊ အချိန်အခါမရွေး လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ထိုးစစ်ဆင်နေရသည်။ ပြည်သူလူထု၏ မျက်နှာကို ငဲ့ညှာထောက်ထားခြင်း စိုးစဉ်းမျှပင် မတွေ့ရသော အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းကာ ပြည်သူလူထုထံ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရောက်ရှိရေး ချဉ်းကပ်ဆောင်ရွက်ချက်များသည် စိတ်ကူးယဉ်ဆန်လှသည်ဟု ရှုမြင်မိပါသည်။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ USAID ကဲ့သို့ အခြားသော နိုင်ငံတကာအစိုးရကိုယ်စားပြုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အကူအညီပေးရေးလုပ်ငန်းစဉ်များ ပိုမိုလက်တွေ့ကျရန် လိုအပ်နေပြီဖြစ်သည်။ အမှန်တကယ် အကူအညီလိုအပ်နေကြသော မြန်မာပြည်သူလူထုထံ လက်တွေ့ကျကျ အကူအညီများ ပေးအပ်နိုင်ရေးအတွက် အာဏာသိမ်းစစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေကြခြင်းထက် နည်းလမ်းအသစ်များ ဖွေရှာရေး အလေးအနက်စဉ်းစားသင့်ပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။

“ အမှန်တကယ် အကူအညီလိုအပ်နေကြသော မြန်မာပြည်သူလူထုထံ လက်တွေ့ကျကျ အကူအညီများပေးအပ်နိုင်ရေး အတွက် အာဏာသိမ်း စစ်ကောင်စီနှင့် ပူးပေါင်း ဆောင်ရွက်နေကြခြင်းထက် နည်းလမ်းအသစ်များ ဖွေရှာရေး အလေးအနက် စဉ်းစားသင့်ပြီဖြစ်ကြောင်း ”

# Weekly HighLight News



## နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသမီး ၅၀၀ နီးပါး သေဆုံးပြီး ၃,၀၀၀ ကျော် ဖမ်းဆီးခံထားရ

၉ မတ် ၂၀၂၃

နွေဦးတော်လှန်ရေးကာလအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသမီး ၄၈၃ ဦး သေဆုံးခဲ့ကြောင်း မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ ဂျန်ဒါမူဝါဒဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်သည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်ခဲ့သည့် အမျိုးသမီးများထဲတွင် အကျဉ်းထောင်များအတွင်း ဖမ်းဆီးခံထားရဆဲ အမျိုးသမီး ၃,၁၂၅ ဦးရှိသည့်အပြင် သေဒဏ်ချမှတ်ခံထားရသူ ၁၁ ဦး၊ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခံထားရသူ အမျိုးသမီး ၁၅ ဦးနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ လိင်ပိုင်ဆိုင်းရာစော်ကားခံရသူ အမျိုးသမီး ၁၂၂ ဦးရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

"မြန်မာနိုင်ငံမှာ အာဏာသိမ်းပြီးနောက်ပိုင်းမှာ လူ့အခွင့်အရေးတွေ အကုန်ဆုံးရှုံးသွားတာပါပဲ။ လူ့အခွင့်အရေးဆုံးရှုံးမှုတွေ မလိုချင်လို့ တော်လှန်တဲ့အခါ အဖမ်းခံရတယ်။ ထောင်ထဲမှာ အမျိုးမျိုးချိုးနှိမ်ခံခဲ့ရတယ်။ အမျိုးသမီးတွေကို စစ်ကောင်စီတပ်သားတွေက ထိကပါးရိကပါး လုပ်တာတွေရှိတာကို ကိုယ်တိုင်မြင်ခဲ့ရတော့ လန့်နေခဲ့ရတယ်။ ကျမက အခု ထောင်ကလွတ်လာပြီဆိုပေမယ့် ထောင်ထဲမှာကျန်ခဲ့တဲ့ အမျိုးသမီးတွေအတွက်

"
ထောင်ထဲမှာ
အမျိုးမျိုးချိုးနှိမ်ခံခဲ့ရတယ်။
အမျိုးသမီးတွေကို
စစ်ကောင်စီတပ်သားတွေက
ထိကပါးရိကပါး
လုပ်တာတွေရှိတာကို
ကိုယ်တိုင်မြင်ခဲ့ရတော့
လန့်နေခဲ့ရတယ်...
"

အခုထိ စိုးရိမ်နေမိတုန်းပါပဲ” ဟု ဖမ်းဆီးခံရပြီးနောက် ပြန်လည်လွတ်မြောက်လာသည့် ရန်ကုန်မြို့နေ အမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နွေဦးတော်လှန်ရေးကာလအတွင်း အမျိုးသမီးများသည် ကျရာအခန်းကဏ္ဍအစုံတွင် ရှေ့တန်းမှ စွမ်းစွမ်းတမံ ပါဝင်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီး ထိုအမျိုးသမီးများကို အသိအမှတ်ပြု လေးစားဂုဏ်ပြုကြောင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်ခံရသည့် အမျိုးသမီးများအတွက် တရားမျှတမှု ရရှိနိုင်ရန် အစွမ်းကုန် ကြိုးစားသွားမည်ဟုလည်း အဆိုပါ ပူးတွဲထုတ်ပြန်ချက်တွင် ရေးသားထားသည်။

လက်ရှိတွင် နိုင်ငံတဝန်းရှိ အမျိုးသမီးများမှာ အကြမ်းဖက်ခံရမှု၊ ဖိနှိပ်ခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခံနေရမှုတို့မှာ တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် ဖြစ်သည်ဟု အမျိုးသမီးအရေးတက်ကြွလှုပ်ရှားနေသူများက ရှုမြင်ကြသည်။

“အခုနောက်ပိုင်းမှာ အမျိုးသမီးငယ်တွေကို လိင်ပိုင်းဆိုင်ရာနဲ့ပတ်သတ်လို့ ပါးစပ်သရမ်းပြီး စနောက်တာကို ပိုပြီး အများကြီးတွေ့ရတယ်။ အဲ့လိုစနောက်တာတွေကအစ အမျိုးသမီးတွေမှာ မလုံခြုံတာတွေအများကြီးပါ။ အဓိက တရားဥပဒေစိုးမိုးမှု မရှိလို့ပေါ့။ အခုလို အမျိုးသမီးတွေ ဖိနှိပ်စော်ကားခံနေရမှုတွေအတွက် အမြန်ဆုံး တရားမျှတမှုတွေ ရရှိလာဖို့ မျှော်လင့်မိပါတယ်” ဟု ရခိုင်မှ အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူ မခင်မြင့်ကြည်က ပြောသည်။

အမျိုးသမီးအခွင့်အရေးဟုဆိုရာတွင် စီဒေါ (CEDAW) ဟု လူသိများသော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ယင်းကဲ့သို့ စီဒေါစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းသည် စီဒေါ(CEDAW)စာချုပ်ပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတော်အနေဖြင့် လိုက်နာရန်၊ လေးစားရန်၊ ဖြည့်ဆည်းပေးရန်နှင့် အစီရင်ခံစာတင်ရန် စသည်ဖြင့် တာဝန်ခံ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အာမခံ ကတိကဝတ်ပေးခဲ့ခြင်းပင် ဖြစ်သည်။

သို့သော်လည်း အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား မပြေပြစ်သည့်ကြားတွင် အမျိုးသမီးများ၏ အခွင့်အရေးများရိုက်ချိုးခံနေရခြင်းမှာ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်ဟု ရခိုင်ပြည်အခြေစိုက် မိုးစဲအားမာန်မျိုးဆက်သစ်လူငယ်များ ပရဟိတအသင်း ဥက္ကဋ္ဌ ကိုမောင်မြတ်အောင်က ပြောသည်။

“သူတို့(စစ်ကောင်စီ)ရဲ့ အုပ်ချုပ်ရေးယန္တရားအောက်မှာ နေထိုင်နေရတဲ့ပြည်သူတွေမှာ အခက်အခဲတွေ အများကြီးရှိတယ်။ အဲဒီထဲက အမျိုးသမီးတွေဆီက လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်တာတွေရှိတာကိုလည်း ကြားသိရတယ်။ အရင်ကတည်းက အမျိုးသမီးတွေမှာ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု အားနည်းချက်တွေရှိနေတာမှာ ဒီစစ်ကောင်စီရဲ့ အုပ်ချုပ်ရေးယန္တရား မပြေပြစ်တဲ့ကြားထဲမှာ အမျိုးသမီးတွေရဲ့အခွင့်အရေးတွေ ရိုက်ချိုးခံရသလိုဖြစ်သွားတယ်။ ဒါကအမျိုးသမီးတွေအတွက် လုံးဝဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်တယ်” ဟု သူကပြောသည်။

မတ်လ ၈ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဆွေးနွေးဟောပြောမှုများ ပြုလုပ်နေလျက်ရှိသည်။

*BNI - MPM*


# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မတ်လ ၁ ရက် မှ ၇ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂၆ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၈ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်းပြုရာတွင်မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်

**၂၆ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

မတ် ၁ - ၇ - ၂၀၂၃


**၅၆** စစ်ကောင်စီတပ်သားသေဆုံးမှု

**၁၄** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


**၃၆** အရပ်သားသေဆုံးမှု




## ၁၇၀၀၀ စစ်ဘေးရှောင်အရေအတွက် (မတ် - ၁ - ၇ - ၂၀၂၃)



# စစ်ကိုင်းတိုင်း





စစ်ကောင်စီတပ်သည် တပ်မ ၉၉ သည် မတ်လ ၁ ရက်နှင့် ၂ ရက်တွင် စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာသို့ ဝင်ရောက်ခဲ့ပြီး၊ အရပ်သားပြည်သူ ၁၆ ဦးနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင်တစ်ဦးတို့ကို ရက်စက်စွာသတ်ဖြတ်ခဲ့ကာ၊ အမျိုးသမီးများကိုလည်း အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ပါသည်။ သတ်ဖြတ်ခံရသူ PDF ခေါင်းဆောင်တစ်ဦးဖြစ်သူမှာ ရဲဘော်မိုက်ကယ် (ခေါ်) ကိုကျော်ဇောဖြစ်ပြီး၊ ပိုင်းဖြတ်ခံထားရသည့် ၎င်း၏ရုပ်အလောင်းအား ဒေသခံများက မတ်လ ၂ ရက်တွင် တွေ့ရှိခဲ့ကြပါသည်။


ဒေသခံ ၁၆ ဦးကိုလည်း စစ်ကောင်စီတပ်က လူသားဒိုင်းအဖြစ် ခေါ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းအနက် အမျိုးသမီး ၃ ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့ကာ၊ အသတ်ခံရသည့် ၁၆ ဦး၏ ရုပ်အလောင်းများကို စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာနှင့် မြင်းမူမြို့နယ်၊ ညောင်းရင်းကျေးရွာ၊ ညောင်ရင်းကျွန်းတို့တွင် မတ်လ ၂ ရက်က သုံးစွဲကွဲပြီး ပြန်လည်တွေ့ရှိခဲ့ကြပါသည်။

ယင်းမာပင်မြို့နယ် မြောက်နံးကျေးရွာကို စစ်ကောင်စီတပ်က မတ်လ ၃ ရက်တွင် ဝင်ရောက်မီးရှို့ခဲ့ပြီး အိမ်ခြေတစ်ရာခန့် မီးလောင်ပြာကျခဲ့ကာ အသက် (၅၀) အရွယ် ဦးဖိုးနီဆိုသူကို ရိုက်သတ်ခဲ့ပြီး၊ စစ်ကောင်စီတပ်က လမ်းပြအဖြစ် ခေါ်ဆောင်ခဲ့သည့် ဒေသခံတစ်ဦးကိုလည်း သေနတ်ဖြင့် ပစ်သတ်ကာ ကားထဲတွင် မီးရှို့သတ်ဖြတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ယင်းမာပင်မြို့နယ် မြောက်နံး၊ ကုန်းရွာ၊ ပေါက်ပန်းဖြူ၊ ဇီးတော၊ အိုးဖို၊ သပြေအေး၊ နတ်ထောက်နှင့် ပြန်လှည့်ကျေးရွာများသို့ စစ်ကြောင်းထိုး ဝင်ရောက်နေခြင်းကြောင့် လူဦးရေတစ်သောင်းကျော်ခန့် စစ်ဘေးတိမ်းရှောင်နေကြရပါသည်။

ယင်းမာပင်၊ မြင်းမူ၊ မုံရွာ၊ ကန့်ဘလူ၊ ဖန်းမောက်နှင့် ထီးချိုင့်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ မတ်လ ၂ ရက်နေ့က ဘုတလင်မြို့ အထွက်၊ မုံရွာ - ရေဦးကားလမ်းပေါ်ရှိ စစ်ကောင်စီတပ်ဖွဲ့၏ ကင်းစခန်းဂိတ်ကို ပြည်သူ့ကာကွယ်ရေးတပ်က ပြောက်ကျားစစ်ဆင်ရေးအဖြစ် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။ ခင်ဦး၊ ဝက်လက်၊ ရွှေဘို၊ မုံရွာ နှင့် မြင်းမူမြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁ ရက်နေ့က စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာကို စစ်ကောင်စီတပ် ဝင်ရောက်စီးနင်းခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင် ရဲဘော်မိုက်ကယ် (ခေါ်) ကိုကျော်ဇောကို အပိုင်းပိုင်းဖြတ် သတ်ဖြတ်ခဲ့သည်။ မတ်လ ၂ ရက်နေ့က အင်းတော်မြို့ရှိ လမ်းဆုံမီးပွိုင့်တွင် မိုင်းထောင်နေစဉ် မိုင်းမတော်တဆပေါက်ကွဲသဖြင့် မြို့ပြပြောက်ကျားရဲဘော် ၂ ဦး ကျဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ပစ်ခတ်မှုကြောင့် ယင်းမာပင်၊ ခင်ဦး၊ စစ်ကိုင်းနှင့် ထီးချိုင့်မြို့နယ်များမှ ဒေသခံပြည်သူ ၂၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုး၍ မီးရှို့မှုကြောင့် ယင်းမာပင်နှင့် ခင်ဦးမြို့နယ်များမှ ဒေသခံ ၁၆၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်

ရွှေကူမြို့နယ် ကျောက်တလုံးကျေးရွာတွင် စစ်ကောင်စီတပ်မှ ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ဒေသခံ အမျိုးသမီး ၄ ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ မတ်လ ၄ ရက်တွင် အင်အား ၂၀၀ ခန့်ရှိသည့် စစ်ကောင်စီတပ်ဖွဲ့သည် ကျောက်တလုံး ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီးနောက် ဒေသခံ အရပ်သား ၂၀ ဦး အား ဖမ်းဆီးခဲ့ပြီး ၁၆ ဦးအား ပြန်လည်လွှတ်ပေးခဲ့သော်လည်း ၄ ဦးအား ဆက်လက်ဖမ်းဆီးထားဆဲဖြစ်ပါသည်။

မတ်လ ၆ ရက်တွင် ဖားကန့်မြို့နယ်၊ ဖားပြင်ကျေးရွာတွင် လာရောက်တိမ်းရှောင်နေသည့် စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်တစ်ဦးဖြစ်သူ အသက် ၄၀ အရွယ် ဒေါ်မာမာအေးအား စစ်ကောင်စီတပ်မှ လာရောက်ဖမ်းဆီးခဲ့ပါသည်။


ဖားကန့်မြို့နယ်၊ မော်ဝှမ်းရပ်ကွက်၊ ရှုထောင့်သစ် လက်ဖက်ရည်ဆိုင်မှ ပိုင်ရှင်ဖြစ်သူ အပါအဝင် ၈ ဦးအား စစ်ကောင်စီတပ်မှ မတ်လ ၇ ရက်တွင် နေအိမ်သို့ဝင်ရောက်ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ ဆိုင်ပိုရှင်ဖြစ်သူ ဦးစိုးနိုင်၊ ဇနီးဖြစ်သူနှင့် သမီးဖြစ်သူတို့အပါအဝင် ဆိုင်ဝန်ထမ်းများလည်း ပါဝင်ခဲ့ပါသည်။

ရွှေကူ၊ ဖားကန့် နှင့် မြစ်ကြီးနားမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။







# မကွေးတိုင်း




ရေစကြိုနှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၉ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ မတ်လ ၂ ရက် နေ့က မင်းလှမြို့နယ်၊ တောလမ်းအတိုင်း ခါချဉ်တောင်ပေါ်သို့ တက်လာသော စစ်ကောင်စီတပ် ကားသုံးစီးအနက် တစ်စီးသည် ချောက်ထဲထိုးကျကာ စစ်ကောင်စီတပ်သား ၅ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၇ ရက်နေ့က ပေါက်မြို့နယ်၊ ဖလံကိုင်းရေနံမြေမှ စစ်ကောင်စီတပ်ကို ဒေသကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၁ ဦး ကျဆုံးခဲ့သည်။ အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုအပြီး ပေါက်မြို့နယ်၊ ထန်းပေါက်ကုန်းရွာဘက်ကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်သောကြောင့် ဒေသခံအမျိုးသား ၁ ဦး လက်နက်ကြီးကျည်ထိမှန် သေဆုံးခဲ့သည်။ မတ်လ ၄ ရက်နေ့က နတ်မောက်မြို့တွင် CDM ဆရာ၊ ဆရာမများကို ခြိမ်းခြောက်နေသော မြို့နယ်ပညာရေးမှူး သန်းထိုက်ဆိုသကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။

ဆိပ်ဖြူမြို့နယ်၊ ရေထွက်ကျေးရွာနှင့် အုံးမှင်ကျေးရွာမှ စစ်ဘေးရှောင် ၁၀၀၀ ဝန်းကျင်သည် သောက်သုံးရေအခက်ခဲ ကြုံနေကြရပါသည်။ အဆိုပါ ကျေးရွာများတွင် စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုးခြင်းကြောင့် စစ်ရှောင်နေကြရသည်မှာ ၄ လခန့်ကြာမြင့်နေပြီဖြစ်သည်။

မကွေးပြောက်ကျားတပ် (Magway Guerrilla Warfare) သည် မတ်လ ၄ ရက်တွင် နတ်မောက်မြို့မှ CDM ဆရာ၊ ဆရာများကို ခြိမ်းခြောက်နေသော မြို့နယ်ပညာရေးမှူးဆိုသူအား ၎င်းနေအိမ်တွင် သေနတ်ငါးချက်ဖြင့် ပစ်ခတ်ခဲ့ရာ နေရာတွင်ပင် သေဆုံးခဲ့ပါသည်။ သေဆုံးသူသည် စစ်ကောင်စီလက်အောက်ခံ ပညာရေးဝန်ထမ်းဖြစ်ပြီး နယ်မြေခံ PDF များကိုစိန်ခေါ်ခြင်း၊ CDM ဆရာ ဆရာမများအား ခြိမ်းခြောက်ခြင်း၊ လာဘ်ပေး လာဘ်ယူများလုပ်ဆောင်ခြင်း ၊ စစ်ကောင်စီတပ်၏ အဓိကဒေါက်တိုင်ဖြစ်ခြင်း ၊ ရွေးကောက်ပွဲအတွက် မဲဆွယ်ခြင်းတို့ကြောင့် ပစ်ခတ်ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း မကွေးပြောက်ကျားတပ်မှ သတင်းထုတ်ပြန်ခဲ့ပါသည်။





# မန္တလေးတိုင်း

ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းရွာနှင့် ရွှေးစုရွာကြား ချောင်းမကြီး ချောင်းအတွင်း မတ်လ ၅ ရက် နံနက် ဦးခေါင်းမပါသည့် အမျိုးသား အလောင်း တစ်လောင်းကို ဒေသခံများ တွေ့ရှိခဲ့၍ မန္တလေးဆေးရုံကြီး ရင်ခွဲရုံသို့ ပို့ဆောင်ပေးခဲ့ပါသည်။ အဆိုပါ အမည်မဲ့ အလောင်းမှာ ရေစီးဖြင့် မျောပါလာခြင်းဖြစ်ပြီး၊ မည်သည့်နေရာက မျောလာသည်ကို မသိရှိရသေးကြောင်း၊ အလောင်းနှင့်ပတ်သက်ပြီး စစ်ကောင်စီတပ်ဖွဲ့များမှ ဒေသခံတချို့ကို မေးမြန်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကာ ချောင်းတလျှောက် ကင်းလှည့်ခဲ့ကြောင်းသိရပါသည်။


မန္တလေးအခြေစိုက် မြို့ပြပြောက်ကျားတပ်ဖွဲ့တစ်ခုဖြစ်သော Mandalay Independent Association(MIA)သည် မန္တလေးမြို့မှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် (PDF) ဟောင်းတက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သူ မောင်အောင်မျိုးမြတ်အား မတ်လ ၂ ရက်က ရှင်းလင်းခဲ့ကြောင်း သိရပါသည်။ အသက် ၂၀ အရွယ် မောင်အောင်မျိုးမြတ်သည် ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် အောင်မင်္ဂလာရပ်ကွက်တွင်နေထိုင်သော ရတနာပုံတက္ကသိုလ် ဥပဒေပညာ ဒုတိယနှစ်ကျောင်းသားဖြစ်ပြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအနီး ၆၂ လမ်းနှင့် ၁၀ လမ်းထောင့်တွင် ပစ်သတ်ခံလိုက်ရခြင်းဖြစ်ပါသည်။ သေဆုံးသူသည် ၂၀၂၂ ခုနှစ်က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း စစ်ကောင်စီတပ်၏ သတင်းမီဒီယာများတွင် ဖော်ပြခံရဖူးသူဖြစ်ကြောင်း၊ ၎င်းသည် တော်လှန်ရေးအဖွဲ့တစ်ခုမှ ယုံကြည်စွာအပ်နှံခဲ့သော လက်နက်ခဲယမ်းများကို၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ခလရ(၄)အား မိမိအလိုကျသွားရောက်အပ်နှံကာ အခြားတော်လှန်ရေး ရဲဘော်များ၏ ကိုယ်ရေးအချက်အလက်များကိုလည်း စစ်ကောင်စီထံ တိုင်ကြားခဲ့ဖူးကြောင်း သိရပါသည်။

မတ်လ ၂ ရက်နေ့က အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားအနီး ၆၂ လမ်းနှင့် ၁၀ လမ်းထောင့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်ဟောင်းဆိုသူ ကိုအောင်မျိုးမြတ်ကို စစ်ကောင်စီတပ်နှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။

မတ်လ ၁ ရက်နေ့က တပ်ကုန်းမြို့နယ်၊ ရန်ကုန် - မန္တလေးလမ်းဟောင်းပေါ်မှာ အချုပ်ကားပေါ်က ရဲကို သေနတ်ဖြင့် ပစ်ခတ်ပြီး အချုပ်ကားပေါ်ကနေ အချုပ်သား ၉ ဦး ထွက်ပြေးရန်ကြိုးစားခဲ့ရာ စစ်ကောင်စီတပ်က ပစ်ခတ်ဖမ်းဆီးခဲ့သောကြောင့် ၁ ဦး သေဆုံး၍ ၂ ဦး ပြန်လည်ဖမ်းမိပြီး ၆ ဦး ထွက်ပြေးလွတ်မြောက်ခဲ့သည်။










# ကရင်ပြည်နယ်

စစ်ကောင်စီတပ်သည် သံတောင်မြို့ ၁၃ မိုင်၊ ရပ်ကွက်(၂) ရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ကျောင်းဆရာမတစ်ဦး၏ နေအိမ်အပါအဝင် နေအိမ်သုံးလုံး မီးလောင်ပျက်စီးခဲ့ပါသည်။ သံတောင်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် KNU ပူးပေါင်းတပ်ဖွဲ့တို့အကြား စစ်ရေးတင်းမာနေမှုကြောင့် သံတောင်မြို့ပေါ်နှင့် အနီးအနားကျေးရွာများမှ ဒေသခံများမှာ နေအိမ်စွန့်ခွာ၍ ဘေးကင်းရာသို့ တိမ်းရှောင်နေရသည်မှာ အချိန်နှစ်လနီးပါး ကြာမြင့်နေပြီဖြစ်၍ စားဝတ်နေရေးခက်ခဲနေကြောင်း သိရပါသည်။

မတ်လ ၂ ရက်နေ့ နံနက်ပိုင်းကလည်း သံတောင်မြို့ ဘိုတဲကုန်းရွာအတွင်းသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့်ပစ်ခတ်၍ စစ်ကြောင်းထိုးခြင်းကြောင့် နေအိမ်တစ်လုံးအပါအဝင် ဆိုင်ကယ်လေးစီးအား မီးရှို့ခဲ့ပြီး ဒေသခံ ၂ ဦးအား ဖမ်းဆီးခဲ့ကာ၊ အသက် ၈ နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း လက်နက်ကြီးကျည် ထိမှန်ဒဏ်ရာရရှိခဲ့ပါသည်။

မတ်လ ၅ ရက်နေ့က ဖာပွန်ခရိုင်၊ ကမမောင်းမြို့နယ်ရှိ ကတိုင်ထိ ရဲစခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့က တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး စခန်းကို မီးရှို့ဖျက်ဆီးခဲ့သည်။





# ပဲခူးတိုင်း

ဝေါမြို့နယ်၊ ဘုရားပျိုကျေးရွာမှ ဒေသခံ ၁၃ ဦးအား စစ်ကောင်စီတပ်သားများမှ မတ်လ ၅ ရက်တွင် ဖမ်းဆီးခဲ့ပြီး ပြန်လည်လွှတ်ပေးခြင်းမရှိသေးကြောင်း သိရပါသည်။ ဝေါမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ ဘုရားပျိုကျေးရွာ အထွက်ရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်ကို ဝင်ရောက်ပစ်ခတ်ခဲ့ပြီးနောက် ၎င်းဒေသခံများအား ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။


မတ်လ ၄ ရက်တွင် ဘုရားပျိုကျေးရွာအနီး ငှက်ပျောတစ်ပင်သောင်နှင့် ကျွန်းရွှေဝါသောင်ဘက်တွင် စစ်ကောင်စီတပ်မှ အမြောက်တပ်ထိုင်ကာ လက်နက်ကြီးများ တပ်ဆင်မည်ဖြစ်ခြင်းကြောင့် ၎င်းနေရာရှိ တောင်ယာ အလုပ် လုပ်ကိုင်နေကြသည့် ဒေသခံနေအိမ်များအား ဖျက်သိမ်းရန် လာရောက်ပြောဆိုခဲ့ကြောင်း သိရပါသည်။

ကျောက်ကြီးမြို့နယ်၊ သာစည်ရွာအနီး မတ်လ ၃ ရက် ညနေပိုင်းက မိုင်းတစ်လုံးပေါက်ကွဲခဲ့ခြင်းကြောင့် ကလေးငယ် တစ်ဦးသေဆုံးကာ၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ပေါက်ကွဲမှုကြောင့် အသက် ၁၂ နှစ်အရွယ် မောင်နေသူမင်း (ခ) မင်းမင်း သေဆုံးခဲ့ပြီး၊ အသက် ၅၀ ကျော်အရွယ် ဦးညိုလုံးသည် ရင်ဘတ်နှင့် ခြေသလုံးတွင် ထိခိုက်ဒဏ်ရာရရရှိခဲ့ပါသည်။




မတ်လ ၃ ရက်နေ့က ကျောက်ကြီးမြို့နယ်၊ သာစည်ရွာအနီးမှာ အသက် ၁၂ နှစ်အရွယ် မောင်နေသူမင်း (ခ) မင်းမင်း ဆိုသူ ကလေးငယ် ၁ ဦး မိုင်းနင်းမိပြီး နေရာမှာတင် သေဆုံးခဲ့သည်။





# ရှမ်း (သျှမ်း) ပြည်နယ်

ရှမ်း– ကယားပြည် နယ်စပ်တလျောက်တွင် သောက်သုံးရေ ပြဿနာကြောင့် စစ်ရှောင် အပါအဝင် ဒေသခံဦးရေ ၂,၀၀၀ နီးပါး ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားနေကြောင်း သိရပါသည်။ အဆိုပါ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်နေသူများမှာ ဖယ်ခုံမြို့နယ် အတွင်းရှိ တောထဲတိမ်းရှောင်နေသည့် စစ်ရှောင်များနှင့် ကျေးရွာ ၁၅ ရွာမှ ဒေသခံများဖြစ်ပြီး၊ လမ်းကြောင်းဆက်သွယ်ရေးနှင့် ထောက်ပံ့ပေးသူ အခက်ခဲများကြောင့် စခန်းတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးလုံလောက်မှုမရရှိခြင်းကြောင့် အချိန်မှီ ဆေးဝါးကုသမှု မပေးနိုင်သည့် ကလေးငယ်များနှင့် သွေးတိုးရောဂါ ခံစားရသူများမှာ အသက်ဆုံးရှုံးမှု အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း သိရပါသည်။

မတ်လ ၁ ရက်တွင် လားရှိုးမြို့အခြေစိုက်စစ်ကောင်စီ ၆၈ တပ်ရင်းမှ မိုင်းယော်တိုက်နယ် ပန်ခုတ်–လွယ်လျန်ကျေးရွာအနီး ရွာသစ်တည်နေသည့် အခမ်းအနားဘက်သို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပါသည်။

မတ်လ ၇ ရက်နေ့က ကွမ်လုံမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ် ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် လှိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ နမ့်တွတ်ကျေးရွာအနီးတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည် တပ်မတော် (RCSS/SSA) နှင့် သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) တို့ တိုက်ပွဲပြန်လည် ဖြစ်ပွားခဲ့သည်။






# ကရင်နီ (ကယား) ပြည်နယ်


ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းမှ စစ်ရှောင်စခန်းများတွင် ဆန်နှင့်ရိက္ခာ ပြတ်လုနီးပါးဖြစ်နေပြီး၊ အရေးပေါ်အကူအညီလိုအပ်လျှက်ရှိနေပါသည်။ လက်ရှိတွင် စစ်ဘေးရှောင်ကူညီထောက်ပံ့နေသည့်အဖွဲ့များမှ ရိက္ခာပြတ်လပ်နေသော အိမ်ထောင်စုများကို ရက်သတ္တ နှစ်ပတ်စာအတွက် ဆန်ထုတ်ပေးထားသော်လည်း အလှူရှင်များထပ်မံမရောက်ရှိပါက ဆိုးရွားလာနိုင်ကြောင်း၊ လက်ရှိတွင်လည်း ငတ်ပြတ်နေသည့် မိသားစုဝင်များရှိနေပြီး ကလေးငယ်များလည်း အဟာရချို့တဲ့မှုနှင့် ရင်ဆိုင်နေကြရပါသည်။ ဒီးမော့ဆိုအနောက်ဘက်ခြမ်းတွင် စစ်ရှောင်စခန်းပေါင်း ၉၈ ခုရှိပြီး လူဦးရေ ၂၁၆၆၈ ဦးရှိနေပါသည်။

ဖရူဆိုမြို့နယ်တွင် ၄ ရက်ဆက်တိုက် စစ်ရဟတ်ယာဉ် ပျံသန်းနေခြင်းကြောင့် ဒေသခံများ ကြိုတင်တိမ်းရှောင်နေကြရပါသည်။ မတ်လ ၂ ရက်မှ ၅ ရက်အထိ စစ်လေယာဉ်ပျံနေကာ စစ်ကောင်စီတပ်မှ စားနပ်ရိက္ခာနှင့် လူအင်အား ဖြည့်တင်းမှုများ လုပ်ဆောင်နေခြင်းကြောင့် တိုက်ပွဲပိုမိုပြင်းထန်လာမည်ကို ဒေသခံများ စိုးရိမ်နေကြပါသည်။

ရှားတောနှင့် ဖရူဆိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော်(KA) ၊ ကရင်နီဒေသခံကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။



၂ ရက်





# တနင်္သာရီတိုင်း


နလောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ကျေးရွာတွင် မတ်လ ၄ ရက်က စစ်ကောင်စီနှင့် ပျူစောထီးအဖွဲ့မှ ဒေသခံအမျိုးသား ၆ ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ရာ ငါးဦးသေဆုံးပြီး တစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသူများမှာ အသက် (၄၂) နှစ်အရွယ် ဦးနော်အေး၊ အသက် (၃၀)အရွယ် ကိုတင်ဌေးနှင့် ကိုကရင်၊ အသက် (၁၈)နှစ်အရွယ် ကိုလှအောင်၊ အသက် (၃၁) နှစ်အရွယ် ကိုသန်းဝင်းတို့ဖြစ်ကြပါသည်။

မတ်လ ၅ ရက်တွင် ရေဖြူမြို့နယ်၊ မရမ်းချောင်းကျေးရွာအနီး၌ ဒေသခံများစီးနင်းလာသည့် ကားတစ်စီးကို အမည်မသိအဖွဲ့က ပစ်ခတ်ခဲ့သဖြင့် အရပ်သား ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ မတ်လ ၅ ရက်၊ ည ၇ နာရီ အချိန်တွင် ရေဖြူမြို့နယ်တွင် ဘောလုံးကန်ပြီး မရမ်းချောင်းရွာသို့ ပြန်လာသော လူငယ် ၁၅ ဦး လိုက်ပါလာသည့် Hijet-အဖြူရောင်ကားတစ်စီးသည် ရေး - ထားဝယ်လမ်း မိုင်တိုင်အမှတ် ၄၀ နှင့် ၄၁ မိုင်ကြား အရောက်တွင် ပစ်ခတ်ခံရခြင်းဖြစ်ပါသည်။

လောင်းလုံနှင့် ကော့သောင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၉ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၄ ရက်နေ့မှစတင်၍ လောင်းလုံးမြို့နယ်၊ အောက်ကျောက်ဝပ်ကျေးရွာတွင် စစ်ကောင်စီတပ် နှင့် ပျူစောထီးအဖွဲ့က နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အရပ်သားများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ ဆောင်ရွက်မှုကြောင့် ဒေသခံ အမျိုးသား ၅ ဦး သေဆုံးခဲ့ပြီး ပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# မွန်ပြည်နယ်

ရေးမြို့အခြေစိုက် အမှတ် ၃၁၇ စစ်ကောင်စီအမြောက်တပ်မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးသည် လမိုင်းမြို့၊ အောင်သာယာကျေးရွာအတွင်း ကျရောက်ပေါက်ကွဲကာ အသက် ၇၈ နှစ်အရွယ် အဘွားအို ဒေါ်ထိုမူအား ထိမှန်ခဲ့ပြီး ဗိုက်တွင် ပြတ်ရှဒဏ်ရာရရှိခဲ့ကာ လမိုင်းဆေးရုံမှ မော်လမြိုင်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင် သေဆုံးခဲ့ပါသည်။ ထို့ပြင် အောင်သာယာဘုန်းကြီးကျောင်း ခေါင်မိုးလည်း လက်နက်ကြီးထိမှန်ပျက်စီးခဲ့ပါသည်။

ကျိုက်ထိုမြို့နယ်၊ အင်္ဂဘိုကျေးရွာအနီးရှိ ခိုင်ရွှေစိမ်းကွဲကောခြံပိုင်ရှင် အသက် ၇၂ နှစ်အရွယ် ဦးစိုးသန်း (ခ) တရုတ်စိုးသန်းနှင့် ၎င်း၏ ခြံလုပ်သားတစ်ဦးဖြစ်သူ ကိုစိုးလင်းဦးတို့အား မတ်လ ၅ ရက် နံနက်တွင် ခြံအတွင်း သေဆုံးလျှက်တွေ့ရှိခဲ့ကြပါသည်။ ဦးစိုးသန်းသည် စစ်ကောင်စီတပ်နှင့် နီးစပ်သူတစ်ဦးဖြစ်ပြီး စစ်ကြောင်းထိုးမည့် စစ်သားများသည် ၎င်း၏ခြံအတွင်း အခြေချနေထိုင်လေ့ရှိပြီး၊ ခြံရှိဂိုဒေါင်တွင်လည်း စစ်သုံးပစ္စည်းများထားရှိကြောင်း သိရပါသည်။

ဦးစိုးသန်း မသေခင်တစ်ရက်ဖြစ်သည့် မတ်လ ၄ ရက်တွင် ၎င်း၏ခြံသို့ စစ်ကောင်စီတပ်သားများ ရောက်ရှိလာပြီး ယင်းညတွင် KNLA ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်အကြား တိုက်ပွဲဖြစ်ပွားခဲ့ကာ၊ စစ်ကောင်စီတပ်က ကျေးရွာများအတွင်း လက်ကြီးပစ်ခတ်ခြင်းကြောင့် ဒေသခံများ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။

မတ်လ ၃ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ ဒေါင်းတောင်ရာဘာခြံထောင့်၊ ရန်ကုန်- မော်လမြိုင် ကားလမ်းပေါ်ရှိ Feel စားသောက်ဆိုင်အနီးတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံးခဲ့သည်။ မတ်လ ၅ ရက်နေ့က စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ရေးမြို့နယ်မြောက်ပိုင်းရှိ အောင်သာယာကျေးရွာမှာ အသက် ၈၀ အရွယ် အဘွားအို ၁ ဦး လက်နက်ကြီးကျည် ထိမှန် သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၅ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ အင်္ဂဘိုကျေးရွာအနီးရှိ ခိုင်ရွှေစိမ်း ကွဲကောခြံပိုင်ရှင် ဦးစိုးသန်း (ခ) တရုတ်စိုးသန်းနှင့် ၎င်း၏ခြံလုပ်သားတစ်ဦး အမည်မသိလက်နက်ကိုင်အဖွဲ့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။






# ရောဝတီတိုင်း

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တစ်ခုဖြစ်သော စွန်ရဲနီ နွေဦးတော်လှန်ရေးအောင်ဆန်းတပ်ရင်း(Red Falcon PDF)သည် အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းဒေသ၊ နတ်ပုတီးတောင်ကြောရိုးမပေါ်သို့ စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်ကို မတ်လ ၂ ရက်က တိုက်မိုင်းများဖြင့် မိုင်းခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ကောင်စီတပ်ဗိုလ်တစ်ဦးအပါအဝင် ၄ ဦး သေဆုံးခဲ့ပါသည်။ တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီတပ်ဘက်မှ လက်နက်ငယ်များဖြင့် မိနစ်အနည်းငယ်အကြာ ရမ်းသမ်းပစ်ခတ်ခဲ့ပြီး၊ မတ်လ ၃ ရက်တွင် မဲဇလီကုန်းဒေသရှိ တောအုပ်များအထက်တွင် စစ်ရဟတ်ယာဉ် ၂ စီးဖြင့် ပျံဝဲနေခဲ့ကာ၊ အင်္ဂပူမြို့နယ်ပတ်ဝန်းကျင်ရှိ ဘန့်ဘွေးကုန်းနှင့် ကွင်းကောက်ကြားပုသိမ်-မုံရွာ လမ်းမကြီးပေါ်တွင်လည်း စစ်ကောင်စီတပ်နှင့် ရဲတပ်ဖွဲ့က လမ်းသွားလမ်းလာများကို ပိတ်ဆို့ စစ်ဆေးနေကြောင်း သိရပါသည်။

မတ်လ ၃ ရက်နှင့် ၅ ရက်တို့တွင် ကြံခင်းမြို့နယ်အတွင်း စကြဝဠာမင်းကြီး သပိတ်ကော်မတီမှ ဦးဆောင်ပြီး "ကမ္ဘာမကြေဘူး ငါတို့အလှည့်ရှိသေးတယ်" စာသားပါ ဘန်နာ(ဗီနိုင်း)အား ကိုင်စွဲကာ စစ်အာဏာရှင်ဆန့်ကျင် ရေးလှုပ်ရှားမှုကို ကြံခင်းမြို့ပေါ်တနေရာတွင် ပြုလုပ်ခဲ့ပါသည်။




မတ်လ ၂ ရက်နေ့က အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းဒေသတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ဗိုလ်တစ်ဦး အပါအဝင် ၄ ဦး သေဆုံးခဲ့သည်။



# ရန်ကုန်တိုင်း

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ မီးခွက်ဈေးတွင် ၎င်းမြို့နယ်လူမိုက်များက ဈေးကန်ထရိုက်ယူထားသောကြောင့် ပျံကျဈေးသူဈေးသားများ အခက်အခဲကြုံနေကြရပါသည်။ အဆိုပါ လူမိုက်များမှ မီးခွက်ဈေးပတ်လည်တွင် ဈေးရောင်းချခွင့်ကို ပိတ်ပင်ထားပြီး အဆိုပါနေရာများတွင် ဈေးရောင်းခြင်းမပြုနိုင်အောင် အမှိုက်များပုံထားခြင်းနှင့် မိမိနေအိမ်ရှေ့တွင် ဈေးရောင်းချသူများကိုလည်း ဈေးရောင်းခြင်းမပြုရန် လိုက်လံတားမြစ်မှုများနှင့် ဈေးသူဈေးသားများကို နိုင်ထက်စီးနင်းပြုလုပ်နေကြောင်း သိရပါသည်။

မြောက်ဥက္ကလာပမြို့နယ်ရှိ ရပ်ကွက်များတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြင့်မားသည့် အတိုးနှုန်းဖြင့် တရားမဝင် ချေးငွေလုပ်ငန်းများ ပေါ်များလာပြီး ချေးငွေပြန်မဆပ်နိုင်သူများကို ငွေရှင်လက်ပါးစေများက အုပ်စုဖွဲ့ရိုက်နက်နေမှုများ ပြုလုပ်နေကြောင်းသိရပါသည်။ အဆိုပါ ချေးငွေအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်၊ ၂ ရပ်ကွက်၊ ကျောက်ရေတွင်း၊ တံတားကြီး၊ ပုရွက်ဆိပ်ကုန်း စသည့် ရပ်ကွက်များတွင် ငွေကောက်ဝန်ထမ်း ၂ ဦးခန့်ထားပြီး ၃၅ရာခိုင်နှုန်း အတိုးဖြင့် ငွေထုတ်ချေးနေခြင်းဖြစ်ပါသည်။



# ရခိုင်ပြည်နယ်

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာသား ၁ ဦးသည် မတ်လ ၁ ရက်က တောင်ပေါ်သို့ ဝါးသွားခုတ်သွားစဉ် မိုင်းနင်းမိ၍ ဘယ်ဘက်ခြေထောက် ပြတ်ထွက်ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသူမှာ စေတီပြင်အရှေ့ရွာသစ်ရပ်ကွက်မှ အသက် (၃၈) နှစ်အရွယ် ဦးအောင်စံဌေးဖြစ်ပြီး ဝါးများခုတ်စဉ် မယူတောင်ပေါ်တွင် မိုင်းနင်းမိခဲ့ခြင်းဖြစ်ပါသည်။

စစ်ကောင်စီတပ် ဂန်ကြီးချုပ်သည် ပုဏ္ဏားကျွန်းမြို့နယ် ရေဖြူကန်စစ်ဘေးရှောင်စခန်းမှ စစ်ဘေးရှောင်များအား ကျေးရွာအနီး မိုင်းရှင်းလင်းပေးမည်ဟုဆိုကာ လူဦးရေ ၅၃၂ ဦးကို မတ်လ ၃ ရက်တွင် နေရပ်ပြန်ပို့ပေးခဲ့ပါသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ စခန်းအတွင်း စားဝတ်နေရေးကျပ်တည်းသဖြင့် နေရပ်ပြန်ပို့ရန် လက်ခံခဲ့ခြင်းဖြစ်ပါသည်။



# ချင်းပြည်နယ်

ဟားခါးမြို့၊ မြို့သစ်ရပ်ကွက် လွတ်လပ်ရေး ကျောက်တိုင်အနီး မတ်လ ၁ ရက်က မြေမြှုပ်မိုင်းနင်းမိ၍ အမျိုးသမီးတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသူသည် အသက် ၃၄ နှစ်အရွယ် မလျောန်ဘူ (slawm Bu) ဖြစ်ပြီး ခြံစိုက်ခင်းသို့ သွားစဉ် မြေမြှုပ်မိုင်းနင်းခဲ့ခြင်းဖြစ်ကာ ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပါသည်။

စစ်ကောင်စီတပ်သည် ချင်းပြည်နယ်မှ ခရစ်ယာန်ဘာသာဝင်ဒေသခံများအား တနင်္ဂနွေနေ့ ဝတ်ပြုခြင်းအပါအဝင် ဘာသာရေးလုပ်ငန်းဆောင်တာများကို တားမြစ်မှုများ ပြုလုပ်နေပါသည်။ စစ်ကောင်စီတပ်မှ ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ အပြင်မထွက်ရန် အမိန့်ချမှတ်ထားပြီး၊ လူ ၅ ဦးထက် မစုရုံးရန်နှင့် ဘုရားကျောင်းတက်ရောက်မည့် ဘုန်းကြီးအပါအဝင်ဒေသခံများ၏ အမည်စာရင်းများနှင့် ဖုန်းနံပါတ်များကိုလည်း တောင်းခံနေကြောင်း သိရပါသည်။

# နိုင်ငံတကာစာမျက်နှာ



စစ်ကောင်စီတပ်က စစ်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နေသော်လည်း မြန်မာသို့ လေယာဉ်ဆီ တင်ပို့ရောင်းချမှုများ ဆက်ရှိနေကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International ) နှင့် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ (Global Witness )တို့က မတ်လ ၁ ရက်တွင် ဖော်ထုတ်ခဲ့ပါသည်။ ထို့ပြင် လေယာဉ်ဆီ ထောက်ပံ့ဖြည့်ဆည်းမှုကွင်းဆက်တွင် ပါဝင်ပတ်သက်နေသော ကုမ္ပဏီများကိုလည်း ထုတ်ဖော်ခဲ့ပြီး၊ တင်ပို့မှုများကို ချက်ချင်းရပ်တန့်ပေးရန်နှင့် လေယာဉ်ဆီရရန် ထောက်ပံ့ရောင်းချခြင်းသည် စစ်ရာဇဝတ်မှုများကို ထောက်ပံ့ကူညီခြင်းဖြစ်ကြောင်းလည်း ပြောဆိုခဲ့ပါသည်။ စစ်ကောင်စီတပ်သည် လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်နေခြင်းကြောင်း ၎င်းတို့အနေဖြင့် လေယာဉ်ဆီ ပို့ဆောင်ရောင်းချမှုအသစ်များကို ခြေရာခံစုံစမ်းနေကြောင်းသိရပါသည်။

အိန္ဒိယနိုင်ငံပိုင် စစ်လက်နက်ထုတ်လုပ်သည့် Yantra India Limited ကုမ္ပဏီက ၁၂၂ မီလီမီတာ အမြောက်ပြောင်း ၂၀ ကို ၂၀၂၂ခုနှစ် အောက်တိုဘာလက မြန်မာနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း Justice for Myanmar က ရရှိသည့် သင်္ဘောအသွားအလာ အချက်အလက်တွင် ဖော်ပြခဲ့ပါသည်။ အမေရိကန်ဒေါ်လာ ၃၃၀,၀၀၀ တန်ဖိုးရှိ အဆိုပါ အမြောက်ပြောင်းများအား လက်ခံသူမှာ စီးပွားရေး အချက်အချာမြို့တော်ဖြစ်သည့် ရန်

**စစ်ကောင်စီတပ်၏ အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်တန့်အောင် လက်နက်ရောင်းချမှု ပိတ်ပင်ရေးတွင် အားလုံးပါဝင်လာရန်နှင့် နိုင်ငံတကာက ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန် ဖိအားပေးသွားမည်ဖြစ်ကြောင်း**

ကုန်မြို့တွင် အခြေစိုက်သော Innovative Industrial Technologies Company Limited ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအပေါ် သက်ရောက်မှုများရှိနေပြီး နိုင်ငံတွင်းငြိမ်းချမ်းရေးရှိရန်အတွက် အာဏာသိမ်းစစ်ခေါင်းဆောင်အနေဖြင့် အာဆီယံနှင့်ပူးပေါင်းလုပ်ဆောင်နိုင်အောင် သိမ်းသွင်းစည်းရုံးနိုင်မည့် နည်းလမ်းအသစ်များကို မဖြစ်မနေရှာဖွေရမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်မ်က မတ်လ ၁ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ် ဂျူနီယာနှင့် တွေ့ဆုံစဉ် ပြောခဲ့ပါသည်။ မြန်မာ့အရေးသည် မလေးရှားနိုင်ငံအပေါ် ရိုက်ခတ်မှုများရှိနေပြီး၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ထွက်ပြေးလာပြီး ခိုလှုံနေသူ အရေအတွက်မှာ ၂ သိန်းကျော်ခန့်ရှိနေကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

စစ်ကောင်စီတပ်သည် လေကြောင်းတိုက်ခိုက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် နေအိမ်မီးရှို့မှုများကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် နည်းလမ်းများ အသုံးပြုနေခြင်းကို ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဗြိတိန်သံအမတ် Rita French က မတ်လ ၆ရက်က ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပသည့် ၅၂ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။ စစ်ရေးပဋိပက္ခအတွင်း အရပ်သားပြည်သူများနှင့် ဆေးရုံ၊ ကျောင်း၊ ဘုရားကျောင်းများကဲ့သို့ အရပ်ဘက်ဆိုင်ရာ အဆောက်အဦများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းတို့ကို ရပ်တန့်ဖို့ရန် အရပ်သားပြည်သူများကို အကာအကွယ်ပေးရန် ဗြိတိန်သံအမတ်က တိုက်တွန်းခဲ့ပါသည်။ ဗြိတိန်နိုင်ငံအနေဖြင့် စစ်ကောင်စီတပ်၏ အကြမ်းဖက်တိုက်ခိုက်မှုများ ရပ်တန့်အောင် လက်နက်ရောင်းချမှု ပိတ်ပင်ရေးတွင် အားလုံးပါဝင်လာရန်နှင့် နိုင်ငံတကာက ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန် ဖိအားပေးသွားမည်ဖြစ်ကြောင်းနှင့် ရာဇဝတ်မှု ကျူးလွန်သူများကို တရားရုံးတင် အပြစ်ပေးနိုင်မှသာ မြန်မာစစ်တပ်ကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားသည့် ယဉ်ကျေးမှုကို အဆုံးသတ်နိုင်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကမ္ဘာ့အတွင်းအကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသောပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review